# Toshiba notebook PC နဲ့ computer ဆက်စပ်ပစ္စည်းများကို KMD မှ တရားဝင် ကိုယ်စားလှယ်ယူခဲ့

Toshiba notebook PC နဲ့ computer ဆက်စပ်ပစ္စည်းတွေကို ပြည်တွင်းဈေးကွက်မှာ တရားဝင်ကိုယ်စားလှယ်အဖြစ် KMD Company Limited က ဖြန့်ချိတဲ့ အခမ်းအနားကို မေလ ၂၁ ရက်နေ့မှာ Traders Hotel က Grand Ball Room မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဲဒီပွဲမှာ Toshiba Singapore Pte Ltd မှ KMD Computer Group ကတာဝန်ရှိသူတွေထံ Authorized Distributor Certificate နဲ့ Authorized Service Provider Certificate တွေပေးအပ်ခဲ့ကာ ပွဲတက်ရောက်လာသူတွေကို Toshiba product တွေ ကံစမ်းမဲဖောက်ပေးခဲ့တယ်လို့ သိရပါတယ်။ Toshiba product တွေကို KMD မှ တရားဝင် ဖြန့်ချိသူ ကိုယ်စားလှယ်အဖြစ်မိတ်ဆက်ခြင်းအထိမ်းအမှတ် အထူးဈေးရောင်းပွဲတော်ကို မေလ ၂၁ ရက် နေ့ကနေ ၂၈ ရက်နေ့ထိ ရန်ကုန်၊ မန္တလေးနဲ့ နေပြည် တော်မြို့တွေက KMD Sales Centre တွေမှာ ကျင်းပခဲ့ပြီး အထူးဈေးနှုန်းတွေနဲ့ ရောင်းချပေးခဲ့တယ်လို့လည်း သိရပါတယ်။ အသေးစိတ်သိချင်ရင်တော့ ဖုန်း ၂၄၅၁၈၀ နဲ့ ၃၈၅၁၇၇ တို့ကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါတယ်။







# Communicating with network devices & applications of cloud computing ဟောပြောပွဲ

ဇွန်လ ၁၂ ရက်နေ့က Myanmar Info Tech မှာ Boing ၊ HP တို့မှာ software engineer တစ်ယောက်အဖြစ် လုပ်ကိုင်ခဲ့ဖူးတဲ့ Mr.Rich Hoo (Professor at Westwood College) မှ Communicating with network devices & applications of cloud computing ဆိုတဲ့ ခေါင်းစဉ်နဲ့ ဟောပြောဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါတယ်။

အဲဒီပွဲမှာ Mr.Rich Hoo က network device တွေကို ထိထိရောက်ရောက် ဆက်သွယ်နိုင်းစေရမယ့် နည်းလမ်းတွေ၊ အဲဒီလိုလုပ်ဆောင်တဲ့အခါ အသုံးပြုရမယ့် protocol တွေ၊ data အမြောက်အများကို စုစည်းသိမ်းဆည်းပြီး အသုံးချတဲ့နေရာမှာ အသုံးဝင်တဲ့ database ရဲ့ အခန်းကဏ္ဍနဲ့ cloud computing ရဲ့ အရေးပါလာပုံတို့ကို ပြောကြားသွားခဲ့ပါတယ်။





# Multi Culture Tech Seminar

ပြောင်းလဲတိုးတက်နေတဲ့ နည်းပညာခေတ်ထဲမှာ ရှင်သန်လှုပ်ရှားသူတွေရဲ့ အတွေ့အကြုံနဲ့ နည်းပညာမျှဝေတဲ့ပွဲတစ်ပွဲဖြစ်တဲ့ Multi Cultrue Tech Seminar ကို မေလ ၂၆ ရက်နေ့တုန်းက Myanmar Info-Tech မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲဒီပွဲမှာ ကိုညီလင်းဆက်၊ ကိုဇော်မင်းတင်၊ ကိုရာဇီ ၊ ကိုအိမောင်၊ ကိုမိုးနိုင်ည ၊ ကိုသီဟနဲ့ ကိုဝဏ္ဏကျော်တို့က အသီးသီး ဆွေးနွေးတင်ပြပေးခဲ့ပါတယ်။





# Redlink ရဲ့ ကျပ်သိန်း ၁၀၀ ကျော် ကံထူးရှင်ရွေးချယ်ပွဲ

မေလ ၃၁ ရက်နေ့တုန်းက Chatrium Hotel မှာ Redlink ရဲ့ ကျပ်သိန်း ၁၀၀ ကျော် ကံထူးရှင်ရွေးချယ်ပွဲကို ကျင်းပပြုလုပ်ခဲ့ပါတယ်။အဲဒီပွဲမှာ Redlink ရဲ့ Senior Manager ကိုမျိုးမြင့်ညွန့်က ကံစမ်းမဲရွေးချယ်ရတဲ့ အကြောင်းအရင်းနဲ့ ကျေးဇူးတင်စကားပြောခဲ့ပါတယ်။ ကံစမ်းမဲဟာ sale center အသီးသီးမှာ လာရောက်ဝယ်ယူသူတွေရဲ့ ဖြတ်ပိုင်းတွေကို မဲနှိုက်ရွေးချယ်ပေးခဲ့တာ ဖြစ်ပြီး ပထမဆု စုစုပေါင်းတန်ဖိုးကျပ်သိန်း ၃၀ တန်ဖိုးရှိပစ္စည်းတွေဖြစ်တဲ့ Mac Book Pro i7 ၊ Samsung Galaxy Tab 16GB နဲ့ Kyocera 4 in 1 copier တို့ကို ဒေါ်တင်တင်နိုင်( service ID 1005-66534 )၊ ဒုတိယဆု စုစုပေါင်းတန်ဖိုးကျပ် သိန်းနှစ်ဆယ်တန်ဖိုးရှိ Mac Book Air (Mc 996) နဲ့ Kyocera Copier 4 in 1တို့ကိုဦးစောသူရစိုး ( service ID 100546696 )နဲ့ တတိယဆု ကျပ် ၁၀ သိန်းတန်ဖိုးရှိ iPad 3 (16GB) နဲ့ Samsung Galaxy Tab 16 GBကို ဒေါ်ဇာခြည်ထိုက် ( service ID 100564523)တို့ကအသီးသီးရရှိခဲ့ပါတယ်။

နှစ်သိမ့်ဆုအနေနဲ့ ကျပ်လေးသိန်းတန်ဖိုးရှိ Acer Aspire 4752 i3 notebook ၁၀ လုံးတို့ကိုလည်း မဲနှိုက်ရွေးချယ်ကာ ပေးအပ်ခဲ့ပါတယ်။ အသေးစိတ်သိချင်ရင်တော့ ၅၅၇၄၄၈ (ext ၈၅၂)၊ ၄၃၁၃၈၃၂၆၊ ၄၃၁၇၀၀၁၅ နဲ့ ၄၃၁၇-၀၀၁၆ တို့ကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါတယ်။















# Dell consumer training

Dell consumer product တွေကို မြန်မာပြည်တရားဝင် ဖြန့်ချိရေးကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းခံထားရတဲ့ Myanmar Dragon Power Int'l Trade Co., Ltd (Blue Ray Digital IT Show-room) မှ Dell consumer training ကို ဇွန်လ ၈ ရက်နေ့တုန်းက Sedona Hotel မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲ့ဒီပွဲမှာ Myanmar Dragon Power Int'l Trade Co., Ltd ရဲ့ Admin Director ဦးတေဇမြင့်သန်းက အဖွင့်စကားပြောခဲ့ပြီး Dell consumer training ဟာ ယနေ့ကမ္ဘာကို ဦးဆောင်နေတဲ့ နည်းပညာတွေနဲ့ Dell ရဲ့ ပစ္စည်းသစ်တွေ ပေါင်းစပ်မှုကို ဖော်ထုတ်ပြသတဲ့ပွဲဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

ဒါ့ပြင် Dell ရဲ့ Senior channel sales man-ager ဖြစ်တဲ့ Sadanan ကလည်း နှုတ်ခွန်းဆက်စကား ပြောကြားပေးခဲ့ပါတယ်။ Inspiron se-ries ရဲ့ မျိုးဆက်သစ်ဖြစ်တဲ့ Audi 14 နဲ့ Audi 15 notebook အပြင် ကမ္ဘာ့အပါးလွှာဆုံး note-book ဖြစ်တဲ့ XPS 13z ကိုလည်း ပြသထားတာတွေ့ရပါတယ်။ Computer အရောင်းဆိုင်များကို Value Partner Award များပေးအပ်ခဲ့ပြီး Brand Manager Soumik Ray က Dell product training ကို အပိုင်း ၂ ပိုင်းခွဲကာ Dell product တွေအကြောင်း presentation နဲ့ တကွရှင်းလင်းဆွေးနွေးပေးခဲ့ပါတယ်။ အဲ့ဒီနေ့က အမေးအဖြေကဏ္ဍပြုလုပ်ခဲ့ပြီး မေးခွန်းဖြေဆိုနိုင်သူတွေကို ဆုလက်ဆောင်တွေ ပေးအပ်ခဲ့ပါတယ်။အသေးစိတ်အချက် အလက်တွေကို သိချင်တယ်ဆိုရင်တော့ ဖုန်း ၅၅၆၁၁၈ နဲ့ ၈၆၀၃၂၇၂ တို့ကို ဆက်သွယ် စုံစမ်းမေးမြန်းလို့ ရပါတယ်။













## Golden Power Technology ရဲ့ Customer care hotline service

Golden Power Technology Co., Ltd ကနေ တင်သွင်းဖြန့်ချိနေတဲ့ ASUS၊ Silicon Power နဲ့ Thermaltake ပစ္စည်းတွေကို သုံးစွဲတဲ့သူတွေအနေနဲ့ အဆင်ပြေ၊ မြန်ဆန်စွာနဲ့ ဝန်ဆောင်မှုတွေရယူနိုင်ဖို့ customer care hotlines service အစီအစဉ်ကို ဇွန်လမှစတင်ပြီး ဝန်ဆောင်မှု ပေးသွားမယ်လို့ သိရပါတယ်။ Customer hotline နံပါတ်တွေကတော့ ၀၉–၇၃၂၅ ၁၅၃၆ နဲ့ ၀၉–၇၃၂၅၁၄၈၇ တို့ဖြစ်ပြီး တနင်္လာနေ့ကနေ စနေနေ့အထိ ၉:၀၀ နာရီမှ ၆:၀၀ နာရီအထိ ဆက်သွယ်နိုင်ကာ တနင်္ဂနွေနေ့ ၁၀:၀၀ နာရီမှ ၅:၀၀ နာရီအထိ ဆက်သွယ်နိုင်တယ်လို့ သိရပါတယ်။

# IT Business Plan Contest 2012 ပြိုင်ပွဲ





MCF နဲ့ ဂျပန်နိုင်ငံ CIESF အဖွဲ့အစည်းတို့ ပူးပေါင်းကျင်းပမယ့် IT Business Plan Contest 2012 ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ပြိုင်ပွဲဝင်တွေအတွက် အထောက်အကူ ဖြစ်စေရန်ရည်ရွယ်ပြီး ဟောပြောပွဲနဲ့ ဒုတိယအကြိမ် စာနယ်ဇင်းရှင်းလင်းပွဲကို ဇွန်လ ၁၃ ရက်နေ့က Myanmar Info Tech မှာ ပြုလုပ်ခဲ့ပါတယ်။

အဲ့ဒီပွဲမှာ ဒေါက်တာ သင်းသုနိုင် (Professor, UCSY) က How to develop application on the cloud ဆိုတဲ့ခေါင်းစဉ်နဲ့ ဆွေးနွေးဟောပြောခဲ့ပါတယ်။ IT Business Plan Contest 2012 ပြိုင်ပွဲဝင် project plan တင်သွင်းရမယ့် နောက်ဆုံးရက်မှာ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ၊ ၃၁ ရက်နေ့ ဖြစ်ကာ ပထမအဆင့် ရွေးချယ်ခံရသူတွေ ရဲ့စာရင်းကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ၊ ၁၁ ရက်နေ့မှာ ကြေငြာမှာဖြစ်တယ်လို့ သိရပါတယ်။ အဲ့ဒီပြိုင်ပွဲကို မြန်မာနိုင်ငံသား မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကာ ပြိုင်ပွဲဝင်လျှောက်လွှာတွေကို www.myanmarictawards.org မှာ download လုပ်ကာ ရယူနိုင်ပါတယ်။

ပြိုင်ပွဲဝင်မယ့် project plan ဟာ တစ်စုံတစ် ယောက်ဆီက၊ ဒါမှမဟုတ် တစ်နေရာက ကူးယူဖော်ပြထားတာ မဟုတ်ကြောင်း၊ မိမိကိုယ်ပိုင်ရေး plan ဖြစ်ကြောင်း ဝန်ခံကတိ လက်မှတ်ရေးထိုးကာ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့ နောက်ဆုံးထားကာ MCF ရုံးခန်းကို ရုံးချိန်အတွင်း ပေးပို့ရမှာဖြစ်တယ်လို့ သိရပါတယ်။ အသေးစိတ်အချက်အလက်တွေကို သိလိုရင်တော့ Myanmar Info Tech၊ အဆောင် ၁၊ အခန်း ၁၊ ဖုန်း ၆၅၂၃၀၇ ကို ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါတယ်။

## MCPA Member များ ပညာသင်ဆုအတွက် ရွေးချယ်ခံရ

မြန်မာနိုင်ငံ computer ပညာရှင်အသင်းနဲ့ အိန္ဒိယနိုင်ငံသံရုံးတို့ရဲ့ ညှိနှိုင်းဆောင်ရွက်မှုနဲ့ အိန္ဒိယနိုင်ငံရှိ တက္ကသိုလ်တွေမှာ computer နဲ့ သတင်းအချက်အလက် နည်းပညာဆိုင်ရာ မဟာဘွဲ့တွေအတွက် ပညာသင်ဆုများ လျှောက်ထားနိုင်ရန် MCPA က ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ပညာသင်ဆုတွေ လျှောက်ထား ခွင့်ရရှိခဲ့တယ်လို့ သိရပါတယ်။

MCPA က ၂၀၁၁ ဒီဇင်ဘာက ၃၀ ရက်နေ့တွင် လျှောက်လွှာများ ခေါ်ယူပြီး အရည်အချင်းစစ် စာမေးပွဲဖြစ်သော လူတွေ့ရေးဖြေ၊ နှုတ်ဖြေများအား စစ်ဆေးခဲ့ရာ လျှောက်လွှာတင်သူ ၂၈ ဦးရှိပြီး ရေးဖြေဖြေဆိုရသူပေါင်း ၂၅ ဦး ရှိပါတယ်။ ရေးဖြေအောင်မြင်သူမှာ ၁၀ ဦးရှိပြီး အဲဒီထဲက ၄ ဦးကို သတ်မှတ်လျာထားချက်တွေနှင့်အညီ စကာတင်ရွေးချယ်ခဲ့ပါတယ်။ အဲဒီ ၄ ဦး ထဲကမှ မဇင်စန္ဒာဝင်း (ရန်ကုန်တိုင်းဒေသကြီး)၊ မောင်ရဲထွန်းသူ (ရန်ကုန်တိုင်းဒေသကြီး) နဲ့ မောင်ကျော်ရဲပိုင် (ဧရာဝတီတိုင်းဒေသကြီး)တို့သုံးဦးဟာ University of Mysore၊ College of Fine Arts Premises၊ Manasagangothri၊ Mysore တွင် M.Sc (Computer Science) ဘာသာရပ်ကို သင်ကြားခွင့်ဖြင့် ပညာသင်ဆုကို ရွေးချယ်ခံခဲ့ရတယ်လို့ သိရပါတယ်။ ပညာသင်ဆု ရွေးချယ်ခံရသူ ၃ ဦးအတွက် MCPA က ဝမ်းမြောက် ဂုဏ်ယူလျက်ရှိပြီး နောင်တွင်လည်း ပညာသင်ဆုတွေအတွက် MCPA Member များက ကူညီပေးမှာဖြစ်တယ်လို့ သိရပါတယ်။

# KMD Computer Centre ရဲ့ diploma နဲ့ ဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနား

မေလ ၂၉ ရက်နေ့က IBC (International Business Centre) မှာ KMD Computer Centre ရဲ့ diploma နဲ့ ဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပခဲ့တယ်လို့ သိရပါတယ်။












# Golden Power Technology လေ့လာရေးခရီးစဉ်






Golden Power Technology CO LTD မှ Director နဲ့ Manager တွေက အာရှမှာအကြီးကျယ်ဆုံး ပြပွဲတစ်ခုဖြစ်တဲ့ 2012 COMPUTEX TAIPEI Show ကို လေ့လာရေးခရီးစဉ်၊ ASUS ၊ Silicon Power တို့ရဲ့ ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲတွေ၊ အပြင် သင်တန်းများ၊ ညစာစားပွဲများကို အောက်ပါအတိုင်း တက်ရောက်ခဲ့ကြပါတယ်။

၂၀၁၂ ခုနှစ် ဇွန်လ ၅ ရက်နေ့မှ ၉ ရက်နေ့အထိကျင်းပတဲ့ 2012 COMPUTEX TAIPEI ပြပွဲရှိ ASUS Booth နဲ့ Silicon Power Booth တို့ကို ASUS ၊ Silicon Power and Thermaltake Authorized Distributor (Myanmar) မှ Director ဦးသန့်ဇင်ထွေး၊ Marketing Manager ဦးကျော်ထွန်း နဲ့ Sales Manager ဒေါ်ရည်မွန်တို့က သွားရောက်လေ့လာခဲ့တယ်လို့ သိရပါတယ်။ ပြီးတော့ ASUS Product Training နဲ့ ASUS 2012 COMPUTEX VIP Dinner Party ကို တက်ရောက်ပြီး နိုင်ငံတကာမှ ASUS Distributor တွေ၊ County Religion Manager တွေအပြင် ASUS Chairman Mr.Jonney Shih တို့နဲ့လည်း ရင်းနှီးခင်မင်စွာတွေ့ဆုံခဲ့ကြတယ် လို့ သိရပါတယ်။ အသေးစိတ်သိချင်ရင်တော့ ဖုန်း ၂၂၆၆၆၄၃ ၊ ၂၁၅၈၁၅ တို့ကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါတယ်။

# Mobile Fair YGN 2012

မေလ ၂၅၊ ၂၆၊ ၂၇ ရက်တွေက UMFCCI မှာပြုလုပ်ခဲ့တဲ့ Mobile Fair YGN 2012 ရဲ့ ပြခန်းပုံရိပ်တချို့ဖြစ်ပါတယ်။










# Korea Expo & Consumer Products Exhibition 2012

ဇွန်လ ၈ရက်နေ့ကနေ ၁၁ ရက်နေ့အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမမှာ ပြုလုပ်ခဲ့တဲ့ Korea Expo & Consumer Products Exhibition 2012 က မြင်ကွင်းတချို့ဖြစ်ပါတယ်။












# Toshiba TV & PC Product launch

ဇွန်လ ၁၄ ရက်နေ့တုန်းက Sedona Hotel မှာ Toshiba TV & PC Product launch အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲ့ဒီအခမ်းအနားမှာ Ambur Electronics ၊ Lucky Bird နဲ့ KMD တို့မှ Toshiba laptop နဲ့ PC နဲ့ TV တွေကို မိတ်ဆက်ခဲ့ပြသပါတယ်။

မျက်မှန်မလိုဘဲ 3Dရုပ်လုံးကြွတွေကို ကြည့်ရှုနိုင်တဲ့ 3D large screen TV 55RZ1 model ၊ power TV series အသစ် PB2000 နဲ့ graphics အရည်အသွေးမြင့် laptop တွေကို မိတ်ဆက်ပြသခဲ့ပါတယ်။ ပြီးတော့ dealer ဆိုင်ကြီးတွေနဲ့ ပွဲတက်ရောက်လာသူတွေကိုလည်း ကံစမ်းမဲဖောက်ပြီး ဆုလက်ဆောင်တွေ ပေးခဲ့ပါတယ်။


















# Call Center က telephone နဲ့ ဝန်ဆောင်မှုအသစ်ထပ်တိုး

Call Center ကယခင်ဝန်ဆောင်မှုပေးနေတဲ့ ဝန်ဆောင်မှုတွေရဲ့ နံပါတ် ၁၈၇၆ အပြင် တခြား telephone နဲ့ ဝန်ဆောင်မှုအသစ်တွေထပ်တိုးလိုက်တယ်လို့ သိရပါတယ်။

Telephone အသစ်က ၁၈၇၅ ဖြစ်ပြီး အဲဒီနံပါတ်ကို ဆက်သွယ်ရင် ကျန်းမာရေးဝန်ဆောင်မှု၊ ဟိုတယ်ဝန်ဆောင်မှု၊ အလုပ်အကိုင်ရှာဖွေပေးတဲ့ဝန်ဆောင်မှုနဲ့ ဗေဒင်ဝန်ဆောင်မှုတွေကို မေးမြန်းနိုင်မှာ ဖြစ်တယ်လို့ သိရပါတယ်။ အရင် ၁၈၇၆ နဲ့ပတ်သက်တဲ့ ဝန်ဆောင်မှုတွေကို တစ်မိနစ်ကို ၃၀ ကျပ်နှုန်းနဲ့ ကောက်ခံနေပေမယ့် အခုထပ်တိုးတဲ့ ၁၈၇၅ နဲ့ပတ်သက်တဲ့ဝန်ဆောင်မှုတွေကိုတော့ တစ်မိနစ် ၁၀၀ ကျပ်နဲ့ ကောက်ခံတော့မှာဖြစ်ပြီး အရင်အတိုင်း ၂၄ နာရီလုံး မေးမြန်းနိုင်မှာ ဖြစ်တယ်လို့လည်း သိရပါတယ်။